လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

# မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇန်နဝါရီလ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland January 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## အရပ်သားများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေသည့် စစ်ကောင်စီ၏အကြမ်းဖက်မှုများသည် လျော့ပါးသွားမည့် အရိပ်အယောင် မရှိချေ။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ပြည်သူတို့၏ အိုးအိမ်စည်းစိမ်များ ဖျက်ဆီးခံနေရဆဲဖြစ်ပြီး အရပ်သားများအပေါ် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများလည်း ဆက်လက်ဖြစ်ပွားနေသည်။

**ဇန်နဝါရီလ ၂၀၂၄**

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ လူ့အခွင့်အရေး အခြေအနေသည် ဆက်လက်ဆိုးရွားနေဆဲ ဖြစ်သည်။ ဒေသခံ ပြည်သူများသည် နေ့စဉ်နှင့်အမျှ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရပြီး လူနေကျေးရွာများသည် စစ်မြေပြင် ဖြစ်လာသည်။ ၎င်းပြင် ပကတိမြေပြင်တွင် အကူအညီများသည် တနေ့တခြားပို၍ပို၍ လိုအပ်လာသည်။ ကောက်ခံရရှိခဲ့သည့် သတင်းအချက်အလက်များအရ မွန်၊ ကရင်နှင့် တနင်္သာရီဒေသရှိ မွန်ပြည်လူ့အခွင့်အရေးဖောင် ဒေးရှင်း၏ စီမံကိန်း ဧရိယာများတွင် စစ်ကောင်စီက စစ်ရေးအရ အရေးနိမ့်နေသည်။ စစ်ရှုံးနေသည့်စစ်ကောင်စီက လက်နက်မဲ့ အပြစ်မဲ့ပြည်သူများကို ပို၍ပို၍ အကြမ်းဖက်လာသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုသည် ၂၀၂၄ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် (၃) နှစ် ပြည့်မည်ဖြစ်သည်။ စစ်တပ်က ၎င်းတို့ကျူးလွန်ခဲ့သော ရာဇဝတ်မှုနှင့်အကြမ်းဖက်မှုများအတွက် တာဝန်ယူတာဝန်ခံရခြင်း မရှိသေးသည့်အပေါ် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အလွန်အမင်းစိုးရိမ်သည်။ ဆယ်စုနှစ်များစွာကတည်းကပင် စစ်တပ်သည် အာဏာအတွက် ပြည်သူများကို ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို ကျူးလွန်ခဲ့သည်။ အခြေအနေများက ပိုမိုခက်ခဲကြပ်တည်းလာချိန်တွင် မြန်မာနိုင်ငံရှိပြည်သူများသည် အံ့မခန်းသတ္တိနှင့် ခိုင်မာသော သန္နိဋ္ဌာန်တို့ဖြင့် စစ်ကောင်စီ၏ ရက်စက်အကြမ်းဖက်မှုများကို ခုခံကျော်လွှားနေကြသည်။

တနိုင်ငံလုံးစစ်တလင်းဖြစ်နေသော်လည်း လူထုအခြေပြုအဖွဲ့အစည်းများနှင့် ရပ်ရွာခေါင်းဆောင်များက ၎င်းတို့၏ လုပ်ငန်းတာဝန်များကို တုံ့ဆိုင်းခြင်းမရှိဘဲ လုပ်ဆောင်နေကြသည်။ ကျည်ဆံမိုးများ ရွာသွန်းနေသည့်ကြားက အန္တရာယ်ကိုမမှုဘဲ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ၎င်းတို့၏မိသားစုများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်၊ အစားအစာနှင့် အာဟာရလုံလောက်ရန်နှင့် တကိုယ်ရေသန့်ရှင်းမှု ရှိစေရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများက ကြိုးပမ်းနေကြသည်။ အဆိုပါအင်အားစုများကို အမျိုးသမီးများနှင့် ဒေသခံ ပြည်သူများ၏ယုံကြည်ကိုးစားမှုကိုရရှိထားသည့် အဖွဲ့အစည်းများက ဦးဆောင်နေကြပြီး ၎င်းတို့သည် အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်ပြီး ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိကြသူများ ဖြစ်သည်။

၂၀၂၄ ဇန်နဝါရီလအတွင်းဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များအနက် မွန်ပြည်နယ်တွင် အကြမ်းဖက်မှု တရှိန်ထိုးမြင့်တက်လာခြင်းသည် စိုးရိမ်ဖွယ်အကောင်းဆုံးဖြစ်သည်။ မွန်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ တရိပ်ရိပ်မြင့်တက်လာခြင်းနှင့်ပတ်သက်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၂၃ ဒီဇင်ဘာလတွင် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ပြီး စိုးရိမ်ပူပန်မှုများကို ပြသခဲ့ပြီးဖြစ်သည်။ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ မွန်ပြည်နယ်တွင် အနည်းဆုံးလူ (၆၇) ဦး သတ်ဖြတ်ခံခဲ့ရပြီး (၁၆၀) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လူဦးရေပေါင်း (၉၀,၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ အဆိုပါထိခိုက်နစ်နာမှုများအတွက် နိုင်ငံတကာ

အသိုင်းအဝိုင်းက တုံ့ပြန်မှုနှင့် အရေးယူဆောင်ရွက်မှု မရှိခြင်းနှင့်ပတ်သက်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်း ဒါရိုက်တာ (Program Director) နိုင်အဲမွန်က လူသားချင်းစာနာထောက်ထားမှုအကူအညီများ ချက်ချင်းနှင့် အလျင်အမြန်ပေးအပ်ရန် တိုက်တွန်းခဲ့သည်။

**“လူသားဖြစ်တည်မှုကိုဆန့်ကျင်တဲ့ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီးတော့ စစ်တပ်က တာဝန်ခံစရာမလိုတာဟာ အတော်လေးကြာခဲ့ပြီ။ တရားမျှတမှုပြန်လည်ရရှိဖို့ အချိန်တန်ရုံမက အချိန်တောင်လွန်နေပြီ”** ဟု နိုင်အဲမွန်က ပြောသည်။

၎င်းတို့ ရှုံးနိမ့်နေသည်ကို စစ်တပ်ကိုယ်တိုင်က သိရှိသဘောပေါက်လာနေသော်လည်း နိုင်ငံတကာ စာမျက်နှာတွင် မျက်နှာပန်းပွင့်အောင် ဟန်ဆောင်လုပ်ဆောင်နေဆဲဖြစ်သည်။ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတဝန်းရှိ အကျဉ်းသား (၉,၆၅၂) ဦးကိုလွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။ နိုင်ငံခြားအကျဉ်းသား (၁၁၄) ဦးတို့ကို ပြစ်ဒဏ်ပယ်ဖျက်ပြီး ပြည်နှင်ဒဏ်ပေးခဲ့သည်။ မွန်ပြည်နယ်တွင် နိုင်ငံရေးအကျဉ်းသား (၃၁) ဦးအပါအဝင် အကျဉ်းသား (၆၇၀) ဦး လွတ်ငြိမ်းခွင့်ရခဲ့သည်။

ကျိုက်မရော(မော်လမြိုင်)အချုပ်ထောင်မှ အကျဉ်းသား (၃၅၀) ဦး၊ ကျိုက်မရောဗဟိုအကျဉ်းထောင်မှ အကျဉ်းသား (၁၀၃) ဦး၊ သထုံအကျဉ်းထောင်မှ အကျဉ်းသား (၉၃) ဦး၊ မုပွလင်ကုန်ထုတ်စခန်းမှ (၃၅) ဦး၊ အင်္ဂဘိုနှင့် တောင်စွန်းအလုပ်စခန်းမှ (၄၁) ဦး၊ ရင်းငြိမ်အလုပ်စခန်းမှ (၂၀) ဦး၊ ဇင်းကျိုက်ကုန်ထုတ်စခန်းက (၁၇) ဦးနှင့် အင်းဖြောင်အလုပ်စခန်းက (၁၁) ဦးတို့ကို လွတ်ငြိမ်းခွင့်ပေးခဲ့သည်။ လွတ်ငြိမ်းပေးခဲ့သူအများစုမှာ လောင်းကစားမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများ ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသား (၃၁) ဦးကိုသာ လွတ်ငြိမ်းခွင့်ပေးခဲ့ပြီး ကျိုက်မရောဗဟိုအကျဉ်းထောင်မှ (၂၃) ဦးနှင့် သထုံအကျဉ်းထောင်မှ (၈) ဦးတို့ ဖြစ်သည်။ ၎င်းတို့သည် ပုဒ်မ ၅၀၅(က) ဖြင့် ထောင်ဒဏ်ကျခံနေရသူများဖြစ်ပြီး ပြစ်ဒဏ် (၁) နှစ်အောက်သာ ကျန်ရှိသူများဖြစ်သည်။

မွန်ပြည်နယ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူအကျဉ်းသားများတွင် နိုင်ငံရေးအကျဉ်းသား (၄.၆) ရာခိုင်နှုန်းသာ ပါဝင်သည်။

**“နိုင်ငံရေးအရ ဖိအားရှိလာရင် အလွှတ်ပြမယ်။ အဲ့ထက် မပိုဘူး”** ဟု နိုင်ငံရေးအကျဉ်းသားများအရေး ကူညီဆောင်ရွက် နေသူတစ်ဦးက ပြောသည်။

အကျဉ်းသားများကို လွှတ်ပေးရာတွင် “ခံဝန်” ဖြင့်သာ လွှတ်ပေးခြင်းဖြစ်ပြီး နောက်တစ်ကြိမ် ပြစ်မှုကျူးလွန်ပါက လက်ကျန်ပြစ်ဒဏ်များကိုပါ တစ်ပေါင်းတည်းကျခံရမည်ဖြစ်သည်။ စစ်ကောင်စီက နောက်ပိုင်းတွင် နိုင်ငံရေးပြစ်မှုများကို တရားစွဲဆိုအရေးယူရာ၌ ပုဒ်မ ၅၀၅(က) ကဲ့သို့သောစွဲချက်များထက် ထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်သည့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည) ကဲ့သို့သောစွဲချက်များကို အသုံးပြုလာ ဟု နိုင်ငံရေးအကျဉ်းသားများကို ကူညီပေးနေသူများက ပြောသည်။

စစ်ကောင်စီ၏လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းများက မျက်စိလည်ရန် မလိုချေ။ အဘယ်ကြောင့်ဆိုသော် အကျဉ်းထောင်များတွင်သေဆုံးခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများအရေအတွက်သည် တဖြည်းဖြည်းပိုမိုများပြားလာခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (Political Prisoner Network Myanmar – PPNM) ၏ ထုတ်ပြန်ချက်အရ ကျိုက်မရောဗဟိုအကျဉ်းထောင်တွင် ထောင်ဒဏ်တစ်သက်ကျခံနေရသူ နိုင်ငံရေးအကျဉ်းသားတစ်ဦးသည် ဆေးကုသခွင့်မရသဖြင့် အသက်သေဆုံးခဲ့ ရသည်။

အသက် (၄၃) နှစ်အရွယ် ကိုရာရှင်သည် စစ်ကြောရေးတွင် နှိပ်စက်ခံရသည့်ဒဏ်ကြောင့် အတွင်းကြေဒဏ်ရာများ ရရှိခဲ့ပြီး ပြီးခဲ့သည့်နိုဝင်ဘာလမှစ၍ ကျန်းမာရေးဆိုးရွားလာခဲ့သည်။ သို့သော် လုံလောက်သည့်ဆေးကုသခွင့် မရခဲ့ချေ။ ရောဂါပိုမိုပြင်းထန်လာချိန် ၂၀၂၄ ဇန်နဝါရီလ (၁၁) ရက်နေ့တွင် အကျဉ်းထောင်ပြင်ပဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း ဇန်နဝါရီ (၁၂) ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

## ဇန်နဝါရီလ ၂၀၂၄

ကိုရာရှင်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ နှင့် ၅၂(က) တို့ဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ခံထားရသူ ဖြစ်သည်။

အကျဉ်းထောင်အတွင်းသို့ နိုင်ငံခြားဖြစ်ဆေးဝါးများ ယူဆောင်ခွင့်ကို ကန့်သတ်ထားခြင်း၊ အကျဉ်းထောင်တွင် ဆေးကုသမှု လုံလုံလောက်လောက်မပေးခြင်းနှင့် နိုင်ငံရေးအကျဉ်းသားများကို ထောင်ပြင်ပဆေးရုံများတွင် ဆေးကုသခွင့် အချိန်မီမပေးအပ်ခြင်းတို့ကြောင့် ရောဂါပြင်းထန်သူ နိုင်ငံရေးအကျဉ်းသားများ သေဆုံးနေရခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံလုံး ဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (Political Prisoner Network Myanmar – PPNM) က ထုတ်ပြန်သည်။

**“စစ်ကြောရေးမှာ နှိပ်စက်ခံရတုန်းက ဝမ်းတွင်းကလီစာတွေ ပျက်စီးခဲ့တာရှိတယ်။ အခုလည်း အဲဒီဒဏ်ကြောင့်ပဲ ဆုံးသွားတယ်လို့ သိရတယ်။ စစ်ကောင်စီက အကျဉ်းသားတွေကို ဆေးကုသခွင့်မပေးဘဲ မသေ့,သေအောင်လုပ်နေတာ” ဟု PPNM မှ ပြောရေးဆိုခွင့်ရှိသူ ကိုသိုက်ထွန်းဦးက ပြောသည်။**

မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (Political Prisoner Network Myanmar – PPNM) က ကောက်ခံထားသည့်အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသား (၁၇) ဦးသည် လုံလောက်သည့် ဆေးကုသခွင့်မရသဖြင့် အကျဉ်းထောင်များတွင် သေဆုံးခဲ့ရသည်။ ထောင်ဆေးရုံများသည် နိုင်ငံရေးအကျဉ်းသား များကို ဆေးကုသရာ အသက်ကယ်ရာ နေရာတစ်ခု မဟုတ်ချေ။

၂၀၂၄ ဇန်နဝါရီ (၁၅) ရက်နေ့တွင် မှန်ကန်လုံလောက်သည့်ဆေးကုသခွင့်မရသဖြင့် ကျိုက်မရောဇဟို အကျဉ်းထောင်မှ နောက်ထပ်နိုင်ငံရေးအကျဉ်းသား (၁) ဦး ထပ်မံသေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများ ကွန်ရက် (Political Prisoner Network Myanmar – PPNM) က ထုတ်ပြန်သည်။

အသက် (၃၀) နှစ်အရွယ် CDM မီးသတ်ဝန်ထမ်းဟောင်း ကိုပြည့်ဖြိုးအောင်သည် ဇန်နဝါရီလ (၁၅) ရက်နေ့တွင် လေထိုးလေအောင့်ရောဂါပြင်းထန်လာသဖြင့် ထောင်ဆေးရုံတွင် တက်ရောက်ကုသခဲ့သည်။ ထောင်ဆေးရုံအုပ် အနားယူနေသည်ဟုဆိုကာ တာဝန်ကျသွားဆရာဝန်က ဆေး (၁) လုံးထိုးပေးခဲ့သည်။ ဆေးထိုးပြီးနောက် (၁) နာရီခန့်အကြာတွင် ပါးစပ်မှအမြှုပ်ထွက်ပြီး မေ့လဲသွားခဲ့ကြောင်း PPNM ၏ထုတ်ပြန်ချက်အရ သိရှိရသည်။

ထို့နောက် ထောင်ဆေးရုံအုပ် ရောက်ရှိလာပြီး အသက်ကယ်ဆေး (၂) လုံး ထိုးပေးခဲ့သည်။ အောက်ဆီဂျင်ပေးကာ မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ဇန်နဝါရီလ (၁၆) ရက်နေ့ မနက် (၁) နာရီခန့်တွင် သေဆုံးသွားခဲ့သည်။

“ဘာဆေးထိုးလိုက်တာလဲဆိုတာ ကျွန်တော်တို့ သေချာစုံစမ်းနေတယ်။ ဒီဖြစ်စဉ်အတွက် (အမှန်တရား) ဖော်ထုတ်ပေးဖို့ ICRC ကို တောင်းဆိုချင်တယ်” ဟု PPNM က ပြောရေးဆိုခွင့်ရှိသူ ကိုသိုက်ထွန်းဦးက ပြောသည်။

CDM မီးသတ်ဝန်ထမ်းဟောင်း ကိုပြည့်ဖြိုးအောင်သည် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ဇာတိ ဖြစ်ပြီး ၂၀၂၂ ဇန်နဝါရီလ (၃) ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်တံတားစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ စစ်ကောင်စီက ၎င်းကို အကြမ်းဖက်ဥပဒေပုဒ်မ ၅၂(က) ဖြင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်တွင် လုံလောက်သည့်ဆေးကုသခွင့်ရရှိရန်နှင့် ရောဂါပြင်းထန်သူများကို ထောင်ပြင်ပဆေးရုံတွင် အချိန်မီဆေးကုသခွင့်ပေးရန်အတွက် ICRC အပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ကြိုးစားလုပ်ဆောင်သင့်ကြောင်း PPNM က တိုက်တွန်းတောင်းဆိုထားသည်။

နယ်စပ်ဒေသများတွင် တိုက်ပွဲများက ခပ်စိတ်စိတ်ဖြစ်ပွားလာသည်။ ၂၀၂၃ ဒီဇင်ဘာလ (၁၉) ရက်နေ့မှစ၍ သထုံအခြေစိုက်စစ်ကောင်စီတပ်များက တော်လှန်ရေးတပ်များလှုပ်ရှားရာ ကျုံမိန်ကျေးရွာကို လက်နက်ကြီးဖြင့် နေ့ရောညပါ ပစ်ခတ်တိုက်ခိုက်နေသည်။

ကျုံမိန်ကျေးရွာတွင် နေအိမ်အလုံး (၂၀၀) နီးပါး ရှိပြီး လူဦးရေ (၁,၂၀၀) ဦး နေထိုင်ကြသည်။ စစ်ကောင်စီက လက်နက်ကြီးဖြင့် မရပ်မနားပစ်ခတ်နေသဖြင့် ၎င်းတို့အားလုံးသည် အိုးအိမ်စွန့်ခွာကာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

**"အခုတော့ ရွာထဲမှာ ဘယ်သူမှ မနေရဲတော့ဘူး။ လက်နက်ကြီးက နေ့တိုင်းနီးပါး ပစ်နေတာ။ အိမ်တွေလည်း ပျက်စီးကုန်ပြီ။ ကျွန်တော်တို့လည်း ထွက်ပြေးနေရတယ်။ ရွာသားနည်းနည်းလောက်ပဲ ရွာထဲမှာကျန်နေတယ်" ဟု ကျုံမိန်ရွာသားတစ်ဦးက ပြောသည်။**

လက်နက်ကြီးကြောင့် ကျုံမိန်ဒေသခံများသည် ထွက်ပြေးပုန်းအောင်းနေကြရသည်။ အခြေခံစားနပ်ရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်နေသည်။ သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ချက်အရ ကျုံမိန်ကျေးရွာမှ အသက် (၂၆) နှစ်အရွယ် ကိုယ်ဝန်ဆောင်မိခင်ဖြစ်သူ နော်ဖောတမောနှင့် ၎င်း၏ အသက် (၂) နှစ်အရွယ် ကလေးငယ်ဖြစ်သူတို့မှာ စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးကျရောက် ပေါက်ကွဲမှုကြောင့် နေအိမ် (၂) လုံးနှင့် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။

သထုံအခြေစိုက် အမှတ် (၄၀၂) နှင့် (၅၀၂) ခြေမြန်တပ်ရင်းနှင့် အမှတ် (၂၀၆) အမြောက်တပ်ရင်းတို့က လက်နက်ကြီးဖြင့် နေ့ရောညပါပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ပြောဆိုထားသည်။

မြေမြှုပ်မိုင်းအန္တရာယ်သည်လည်း ပြည်သူများအတွက် စိုးရိမ်ဖွယ်ရာဖြစ်လာသည်။ ၂၀၂၃ ဒီဇင်ဘာ (၃၀) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာမှ လင်မယား (၂) ဦး မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ခင်ပွန်းဖြစ်သူ သေဆုံးခဲ့ပြီး ဇနီးဖြစ်သူက ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။

အသက် (၄၅) နှစ်အရွယ် ဦးနိုင်ဝင်းနှင့် အသက် (၄၀) အရွယ် ဒေါ်မိမိတို့သည် နေ့လည် (၁၂) နာရီအချိန်ခန့်တွင် ကျေးရွာအနီးရှိကျွဲကောခြံတစ်ခြံအတွင်း မျောခုတ်ရန်သွားစဉ် မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်း ဖြစ်သည်။ ဒေသခံလူမှုကယ်ဆယ်ရေးအသင်းက ၎င်းတို့လင်မယားကို သထုံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း ခင်ပွန်းဖြစ်သူမှာ ညနေအချိန်တွင် သေဆုံးသွားခဲ့သည်။ မိုင်းပေါက်ကွဲရာနေရာသည် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုတို့ လှုပ်ရှားရာနယ်မြေဖြစ်ကြောင်း အင်္ဂဘိုဒေသခံများက ပြောသည်။

**"နှစ်ယောက်စလုံးက အခြေအနေတော်တော်ဆိုးတယ်။ တကိုယ်လုံးနီးပါး မိုင်းစတွေချည်းပဲ။ ယောကျ်ားက ဆေးရုံရောက်ပြီး မကြာဘူး၊ ဆုံးသွားတယ်။ သူ့မိန်းမကိုတော့ ရန်ကုန်ကို ချက်ချင်းပို့လိုက်တယ်။ သူလည်း အခြေအနေမကောင်းဘူး"** ဟု လူမှုကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၂၃ ဒီဇင်ဘာလ (၃၀) ရက်နေ့ ညနေပိုင်းတွင် ဝါးခုတ်ရန်သွားသည့်ရွာသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိပြန်သည်။ အသက် (၄၅) နှစ်အရွယ် ကိုနိုင် မိုင်းနင်းမိသည့်နေရာသည် အမှတ် (၃၀၆) ခြေမြန်တပ်ရင်းနှင့် တောင်ဘက် ပေ (၁၂၀) ခန့်သာ ကွာဝေးသည်။ သူ၏ညာဘက်ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဇန်နဝါရီလ (၇) ရက်နေ့တွင် အဆိုပါခြေထောက်ကို ဖြတ်ပစ်ခဲ့ရသည်။

၂၀၂၄ ဇန်နဝါရီ (၉) ရက်နေ့တွင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု အနောက်ဘက်ကမ်းကျေးရွာမှ အမျိုးသမီး (၂) ဦး မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ခြံမှပြန်လာစဉ် ရာဘာခြံတစ်ခုတွင်ထောင်ထားသည့်

## ဇန်နဝါရီလ ၂၀၂၄

မြေမြှုပ်မိုင်းကို နင်းမိခြင်းဖြစ်ပြီး မိုင်းထောင်ထားသည့် နေရာသည် အမှတ် (၅၆၁) ခြေမြန်တပ်ရင်း၏ အရှေ့ဘက်အနီးအနားတွင် ဖြစ်သည်။ အသက် (၆၇) နှစ်အရွယ် ဒေါ်သွယ်က ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့သည်။ အဖော်ဖြစ်သူ အသက် (၃၆) နှစ်အရွယ် မမီးကမ်းက ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

RFA သတင်းဌာန၏တင်ပြချက်အရ မြန်မာနိုင်ငံရှိမြို့နယ်များအနက် မြို့နယ်တစ်ဝက်ကျော်တွင် မြေမြှုပ်မိုင်းအန္တရာယ်ကို ကြုံတွေ့နေရသည်ဟု သိရသည်။

ခရစ်စမတ်နှင့် နှစ်သစ်ကူးအားလပ်ရက်ကာလ ရောက်ရှိလာသော်လည်း စစ်ကောင်စီက တိုက်ခိုက်မှုများကို အရှိန်လျှော့ချခြင်း မရှိချေ။ တနင်္သာရီမြို့နယ်တွင် ခရစ်စမတ်အကြိုညသန်းခေါင်၌ စစ်ကောင်စီက လက်နက်ကြီး ပစ်ခတ်ပြီး နေအိမ်များကို ဖျက်ဆီးခဲ့သည်။

ဇန်နဝါရီ (၁) ရက်နေ့ ည (၁) နာရီအချိန်တွင် တနင်္သာရီတိုင်း ညောင်ပင်ကွင်းကျေးရွာအခြေစိုက် စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်ခဲ့သဖြင့် ကျေးရွာအတွင်းရှိနေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။

ဒေသခံများ၏ပြောကြားချက်အရ စစ်ကောင်စီက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ပြီး ဒေသခံများက ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၎င်းနောက် လက်နက်ကြီးများက နေအိမ်များအပေါ် ကျရောက်ပေါက်ကွဲ ခဲ့သည်။ လူသေဆုံးမှု မရှိချေ။ ပစ်ခတ်မှုကို ခမရ (၅၆၁) က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး သစ်သားအိမ် (၁) လုံးနှင့် ရွာလယ်ခေါင်က နေအိမ် (၁) လုံး ထိမှန်ခဲ့သည်။ အိမ်ခေါင်မိုးနှင့် အိမ်အတွင်းပိုင်းများ ထိခိုက်ပျက်စီးခဲ့သည်။

**“သေနတ်သံကြားတာနဲ့ အိမ်ကနေ ထွက်ပြေးကြတာပဲ။ ပြေးပြီးတော့ သိပ်မကြာဘူး၊ လက်နက်ကြီးတွေ ကျလာတာပဲ” ဟု ရွာသားတစ်ဦးက ပြောသည်။**

လက်နက်ကြီးအနည်းဆုံးအလုံး (၂၀) ခန့် ကျရောက်ပေါက်ကွဲခဲ့ပြီး တစ်ရွာလုံး ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း ဒေသခံများက ပြောသည်။ တော်လှန်ရေးအင်အားစုများ၏ တိုက်ခိုက်မှုကို ခံခဲ့ရသဖြင့် ခမရ (၅၆၁) က လက်နက်ကြီးဖြင့် ပြန်လည်ပစ်ခတ်ခြင်းဖြစ်သည်။

အဆိုပါနေ့တွင်ပင် ရေးမြို့နယ် ကျောင်းရွာကျေးရွာမှ အမျိုးသမီးတစ်ဦးသည် နံနက် (၁၁) နာရီခွဲအချိန်၌ လက်နက်ကြီးထိမှန်ပြီး ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။ ရာဘာခြံတွင် အလုပ်လုပ်နေစဉ် လက်နက်ကြီး ထိမှန် ခဲ့ခြင်းဖြစ်ပြီး ဦးခေါင်းခွဲကွဲအက်သွားခဲ့သည်။

၂၀၂၃ ဒီဇင်ဘာလ (၃၁) ရက်နေ့ နံနက် (၅) နာရီ (၄၅) မိနစ်အချိန်တွင် **“နှစ်သစ်ကူးစစ်ဆင်ရေး”** ဟုဆိုကာ တော်လှန်ရေးအင်အားစုများက အမှတ် (၅၈၃) နှင့် (၅၉၁) ခြေမြန်တပ်ရင်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ စစ်ကောင်စီတပ်ရင်းများက လက်နက်ကြီးဖြင့် ပြန်လည်ရမ်းသမ်းပစ်ခတ်ခဲ့သည်။ မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စု ရှည်ကျေးရွာမှ အသက် (၃၉) နှစ်အရွယ် မိသီတာစိုးသည် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည်။

ရေးမြို့နယ်အခြေစိုက် အမှတ် (၅၈၃) နှင့် (၅၉၁) ခြေမြန်တပ်ရင်းများက မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ရေးမြို့နယ်တွင် လက်နက်ကိုင်ခုခံတော်လှန်မှုများက အားကောင်းနေပြီး စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစု များအကြား တိုက်ပွဲများ မကြာခဏဖြစ်ပွားနေသည်။ စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ပြည်သူများ ထိခိုက်မှုများလည်း ရှိသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မွန်ပြည်နယ်တွင် အရပ်သားပြည်သူအယောက် (၇၀) နီးပါး ထိခိုက်သေဆုံးခဲ့ပြီး အခြေအနေမှာ ပိုမိုဆိုးရွားလာနေသည်။ သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) လက်အောက်ခံနယ်မြေရှိ ဆူးအင်းနှင့် ကော့လှိုင်းရွာလေး

ကုန်းကျေးရွာများကို အမှတ် (၄၀၂) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေသဖြင့် ဒေသခံပြည်သူအယောက် (၄၀၀) နီးပါး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

လက်နက်ကြီးကြောင့် ဆူးအင်းကျေးရွာမှ နေအိမ် (၂) လုံး၊ ကော့လှိုင်းရွာလေးကုန်းကျေးရွာမှ နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့သည်။ လက်နက်ကြီးပေါက်ကွဲမှုကြောင့် ဆူးအင်း၊ ကော့လှိုင်းရွာလေးကုန်းနှင့် ကျုံမိန်ကျေးရွာများမှ အိမ်ထောင်စု (၈၂) စု စုစုပေါင်းလူဦးရေ (၃၈၂) ဦး အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။

**"အခုက ရွာမှာ ဘာမှမကျန်တော့ဘူး။ ရွက်ပျက်လိုပဲ တိတ်ဆိတ်ခြောက်ကပ်သွားပြီ။ ရွာလုံးကျွတ်ပဲ ပြေးရမယ်။ လက်နက်ကြီးပစ်တာက တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာတယ်" ဟု ကျုံမိန်ဒေသခံတစ်ဦးက ပြောသည်။**

လက်နက်ကိုင်ပဋိပက္ခကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများကို အကူအညီရရှိစေရန်နှင့် လုံခြုံမှုရှိစေရန် လူထုအခြေပြုအဖွဲ့အစည်းများက ကြိုးပမ်းလုပ်ဆောင်နေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက လူသားချင်းစာနာ ထောက်ထားမှုအကူအညီများပေးအပ်ရန် တုံ့ဆိုင်းနေခြင်း၊ နိုင်ငံရေးအရ ဝင်ရောက်မစွက်ဖက်လိုခြင်းတို့ကြောင့် ပြည်သူများမှာ အကြပ်တည်းဆုံးသော အခက်အခဲများကို ရင်ဆိုင်နေကြရသည်။


မအောင်မြင်သည့်အာဏာသိမ်းမှု (၃) နှစ်ပြည့်မည့် ၂၀၂၄ ဖေဖော်ဝါရီလ (၁) ရက်နေ့ရောက်လုနီးကာလတွင် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မှန်ကန်သည့်ဘက်မှ ရပ်တည်ရန် ရွေးချယ်ရမည်ဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေးနှင့် စစ်အာဏာရှင်စနစ်မှ လွတ်မြောက်ရေးတို့အတွက် နှိုင်းဆဖော်ပြ၍ မရနိုင်လောက်အောင်အနစ်နာခံနေသည့် မြန်မာနိုင်ငံမှပြည်သူလူထုနှင့်အတူ အတူတကွရပ်တည်ရမည် ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ ဇန်နဝါရီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၇၀) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၅၅) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၆၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၂၃) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၄ ဇန်နဝါရီလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဇန်နဝါရီလ ၂၀၂၄







စစ်ကောင်စီ၏ ပစ်မှတ်ထားခြင်းခံရသည့် ဒီမိုကရေစီအရေး
တက်ကြွလှုပ်ရှားသူဦးရေ

# 11

## ၂၀၂၄ ဇန်နဝါရီလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 9 | 1 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၃၅,၇၀၀ +

**စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 4+ | 5+ | 9+ |
|---|---|---|
| စစ်အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် အလုပ်မှထုတ်ပယ်ခံရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီတပ်က အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

# 40+

ကရင်ပြည်နယ် ကော့ကရိတ်နှင့် တနင်္သာရီတိုင်းထားဝယ် ဒေသများတွင် ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ် အသုံးပြုခံ ရသည့် ရွာသားများဦးရေ

## 165+

ထိခိုက်ပျက်စီးခဲ့သော လူနေအိမ်အရေအတွက်

## 90+

ဖောက်ထွင်းခိုးယူခံခဲ့ရသည့် လူနေအိမ်အရေအတွက်

## 70+

မတရားဖမ်းဆီးသိမ်းယူခဲ့သော မော်တော်ဆိုင်ကယ်အရေအတွက်

## 10+

စစ်ကောင်စီတပ်ကသိမ်းဆည်းခဲ့သည့် မော်တော်ယာဉ်အရေအတွက်

## 2+

“Dawei Watch” သတင်းဌာန မှ သတင်းသမား (၂) ဦး ဖမ်းဆီး ထိန်းသိမ်းခံရ

## 7+

မွန်ပြည်နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်ပတ်သက်သည်ဟု စွပ်စွဲခံရပြီး တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခံရသူဦးရေ

စစ်ကောင်စီက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများတွင် ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းများကို အကြိမ် ( ၃၀ +) နှင့်အထက် ဖြတ်တောက်ခဲ့သည်။

## ကရင်ပြည်နယ်

- IDP 13,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 20 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ပူးပေါင်းတပ်တို့အကြားဖြစ်ပွားနေသည့် တိုက်ပွဲသည် ရက်ပေါင်း (၄၀) ကျော် ကြာမြင့်လာခဲ့ပြီဖြစ်ပြီး ၂၀၂၄ ဇန်နဝါရီလ (၉) ရက်နေ့တွင်လည်း တိုက်ပွဲပြန်လည်ဖြစ်ပွားခဲ့သည်။

တိုက်ပွဲအတွင်း နေအိမ်သို့ပစ္စည်းပြန်လာယူသည့် စစ်ရှောင်အမျိုးသား (၂) ဦး သတ်ဖြတ်ခံရပြီး နောက်ထပ် (၁) ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇန်နဝါရီလ (၁၀) ရက်နေ့ နေ့ခင်း (၁) နာရီတွင် ကော့ကရိတ်မြို့ အမှတ် (၆) ရပ်ကွက်တွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်တွင် အိမ်စောင့်ကျန်ရစ်ခဲ့သူအမျိုးသား (၁) ဦးနှင့် နွား (၁) ကောင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် နေအိမ်အနည်းဆုံး (၆) လုံး မီးလောင်ပျက်စီးခဲ့သည်။

၂၀၁၄ သန်းခေါင်စာရင်းအရ ကော့ကရိတ်မြို့တွင် လူဦးရေ (၄၀,၀၀၀) ကျော် နေထိုင်ပြီး နှစ်ဖက်တိုက်ပွဲကြောင့် လူဦးရေ၏ (၉၀) ရာခိုင်နှုန်းခန့်မှာ အိုးအိမ်စွန့်ခွာထွက်ပြေးနေရပြီး ယနေ့တိုင် နေရပ်မပြန်နိုင်သေးချေ။

ကော့ကရိတ်မြို့တိုက်ပွဲကြောင့် ထိုင်း-မြန်မာကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးသည် ပိတ်ဆို့သွားခဲ့ပြီး ကုန်စျေးနှုန်းအဆမတန်ကြီးမြင့်လာသည့်ဒဏ်ကို ဒေသခံပြည်သူများက ခံစားနေရသည်။

ဇန်နဝါရီလ (၂၇) ရက်နေ့ နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ အမှတ် (၁) ရပ်ကွက် ချောင်းတောင်ဘက်နှင့် အမှတ် (၂) ရပ်ကွက် ဓမ္မရမ္မဘက်တို့တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားတပ်မတော် ပူးပေါင်းတပ်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ်က တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် တံတားကို လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ စာသင်ကျောင်း (၁) ကျောင်းအပါအဝင် လူနေအိမ်အများအပြား မီးလောင်ပျက်စီး ခဲ့သည်။

နေ့ခင်း (၁) နာရီမှ ညနေ (၅) နာရီခွဲအတွင်း ကော့ကရိတ်မြို့ကို စစ်ကောင်စီတပ်က လေကြောင်းမှ ဗုံးကျဲတိုက်ခိုက်ခဲ့သည်။ ညနေ (၄) နာရီအထိ နှစ်ဖက်တိုက်ပွဲပြင်းထန်ခဲ့သဖြင့် အမှတ် (၁) ရပ်ကွက်၊ ဗလချောင်းနှင့် ကော့ကရိတ်မြို့ရှိ နေအိမ်များ မီးလောင်ပျက်စီးခဲ့သည်။

**“လက်နက်ကြီးက တံတားပေါ်နဲ့ တောင်ပေါ်က မူလတန်းကျောင်းပေါ်ကို ကျတာ။ ကျောင်းတစ်ခုလုံး မီးလောင် ပျက်စီးသွားတယ်။ မီးငြိမ်းမယ့်လူလည်း မရှိဘူး” ဟု ဒေသခံတစ်ဦးက ပြောသည်။**

ကော့ကရိတ်မြို့တိုက်ပွဲသည် ၂၀၂၃ ဒီဇင်ဘာလ (၁) ရက်နေ့တွင် စတင်ခဲ့ပြီး ၂၀၂၄ ဇန်နဝါရီလ (၂၉) ရက်နေ့အထိ တိုက်ပွဲဆက်လက်ပြင်းထန်နေဆဲဖြစ်သည်။

## မွန်ပြည်နယ်

- IDP 9,700 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 19 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

## ကရင်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

ရွာသူရွာသားများသည် စစ်ကောင်စီ၏ ရမ်းသမ်းပစ်ခတ် တိုက်ခိုက်မှုများနှင့် အကြမ်းဖက်ရက်စက်မှုများကို ခါးစည်းခံနေရသည်။ ၂၀၂၃ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကျိုက်မရောမြို့နယ် မယ်တရိုကျေးရွာမှ အသက် (၅၂) အရွယ် အမျိုးသားတစ်ဦးကို ဗမာစစ်သားများက ရိုက်နှက်နှိပ်စက်ခဲ့သည်။ ရိုက်နှက်မှုကြောင့် နိုင်မောင်ဆသည် သတိလစ်မေ့မြောသွားခဲ့ပြီး အနီးအနားရှိရာဘာခြံတစ်ခုတွင် စွန့်ပစ်ခံခဲ့ရသည်။ ရွာသားများက သူ့ကို တွေ့ရှိပြီးနောက် လူမှုကယ်ဆယ်ရေးအဖွဲ့၏အကူအညီဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

**"ရွာသားတွေ သူတို့အိမ်ကို ပြန်ကြည့်ဖို့ ဖြတ်လမ်းကနေ သွားရင်း သူ့ကို တွေ့တာ။ လမ်းမတွေအကုန်လုံးကို စစ်တပ်က ပိတ်ထားတယ်၊ သွားလို့မရဘူး။ နိုင်အောင်ဆက ခြံတစ်ခြံမှာ လဲနေတာ။ အသက်ရှူနေသေးတယ်၊ စကားတော့ မပြောနိုင်ဘူး။ ရိုက်နှက်ထားတာ တစ်ကိုယ်လုံးပြည့်နေတာပဲ။ အခြေအနေမကောင်းတော့ မော်လမြိုင်ဆေးရုံကြီးကို တန်းပို့လိုက်ရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် စစ်ကောင်စီတပ်က အင်အားပြန်လည်ဖြည့်တင်းနေသည်။

**"ရွာသားအများစုကတော့ ရွာထဲ မနေရဲတော့ဘူး။ ပြီးခဲ့တဲ့လကတည်းက ထွက်ပြေးနေရတာ။ မယ်တရိုမှာဆို ရွာထဲမှာ (၈) ယောက်လောက်ပဲ ကျန်နေတာ။ ဒီတစ်ရက်နှစ်ရက်အတွင်း တိုက်ပွဲတွေ ပြန်ဖြစ်လာတယ်။ စစ်တပ်က သူ့ကို ဘာမကျေနပ်တာလဲတော့ မသိဘူး။ ရိုက်နှက်ထားတာ မနည်းဘူး။ သေပြီထင်လို့ ခြံတစ်ခြံမှာ ပစ်ထားခဲ့တာ"** ဟု ဒေသခံပရဟိတအသင်းဝင်တစ်ဦးက ပြောသည်။

နိုင်မောင်ဆအပြင် အခြားမယ်တရိုရွာသား (၂) ဦးကိုလည်း စစ်တပ်က ရိုက်နှိက်နှိပ်စက်ခဲ့သည်ဟု သိရသော်လည်း ၎င်းတို့၏လုံခြုံရေးကြောင့် ရွာသားများက ၎င်းတို့၏အမည်နာမကို ထုတ်ဖော်ပြောကြားခြင်း မရှိချေ။ ၎င်းပြင် ကျေးရွာလမ်းမကြီးကို အသုံးပြုသွားလာနေသည့် အသက် (၂၀) ကျော်အရွယ် အမျိုးသမီးငယ် (၂) ဦးကို စစ်တပ်က ဖမ်းဆီးထားသည်မှာ သုံးလေးရက်ရှိပြီဖြစ်သော်လည်း ပြန်လည်လွှတ်ပေးခြင်း မရှိချေ။ စစ်ရေးတင်းမာနေခြင်းနှင့် စစ်သားများက ရွာသားများကို ရိုက်နှက်နှိပ်စက်နေခြင်းတို့ကြောင့် မယ်တရိုနှင့် အနီးအနားကျေးရွာများရှိ ဒေသခံပြည်သူများမှာ နေရပ်မပြန်နိုင်သေးကြောင်း သိရသည်။

စစ်တပ်၏အကြမ်းဖက်မှုများကြောင့် ကလေးသူငယ်များမှာလည်း နှစ်ဖက်တိုက်ပွဲအကြားကမြေစာပင် ဖြစ်နေရသည်။ မွန်ပြည်နယ် သထုံမြို့နယ် ထုံးဘိုကြီးကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သဖြင့် အသက် (၉) နှစ်အရွယ် ကလေးငယ် (၁) ဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ် (၂) လုံး ပျက်စီးခဲ့ကြောင်း သထုံခရိုင် ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

ဇန်နဝါရီလ (၁) ရက်နေ့ နံနက် (၁၀) နာရီခွဲအချိန်တွင် သထုံမြို့နယ်အခြေစိုက် အမှတ် (၉) ခြေမြန်တပ်ရင်းက ဝီရော်နှင့် ထုံးဘိုကြီးကျေးရွာများကို လက်နက်ကြီး (၈) လုံးထက်မနည်း ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်တစ်လုံးသည် ထုံးဘိုကြီးကျေးရွာတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၉) နှစ်အရွယ် စောကောင်းခန့်ကျော်သည် ဘယ်ဘက်ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နော်စန်းရီနှင့် တီးမောင်ငွေးတို့၏ နေအိမ် (၂) လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်။

**"စစ်တပ်က ဝီယော်ဘက်ကို လက်နက်ကြီးနဲ့ နေ့တိုင်း နီးပါး ပစ်နေတယ်။ အဲနေ့မှာ လက်နက်ကြီးက ထုံးဘို ကြီးဘက်ကို ကျသွားပြီး ကလေးတစ်ယောက် ထိသွား တယ်။ KNU ဆေးအဖွဲ့က ကုပေးလို့ သက်သာလာပါပြီ"** ဟု ထုံးဘိုကြီး ဒေသခံတစ်ဦးက ပြောသည်။

ဇန်နဝါရီလ (၂၀) ရက်နေ့မှစ၍ အမှတ် (၁၀၆) နှင့် (၅၈၈) ခြေမြန်တပ်ရင်းများက ရေးမြို့နယ် ကွမ်ဒူးနှင့် အာယုတောင်ကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် (၂) ရက်ဆက်တိုက် ပစ်ခတ်ခဲ့သည်။

အသက် (၁၂) နှစ်အရွယ် ကလေးငယ်တစ်ဦး လက်နက်ကြီးထိမှန်ခဲ့သည်။ ကလေးငယ်ကို ရေးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ကုသနေစဉ် သေဆုံးသွားခဲ့သည်။ ၎င်းပြင် လက်နက်ကြီးပေါက်ကွဲမှုကြောင့် စံပြကျေးရွာမှ (၁၀) တန်းကျောင်းသား/သူ (၂) ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကွမ်ဒူးကျေးရွာမှ နေအိမ်နှင့် အိမ်ခေါင်မိုးများ မီးလောင်ပျက်စီးခဲ့ပြီး အသေးစိတ်အချက်အလက်များကို ဆက်လက် ကောက်ခံနေဆဲ ဖြစ်သည်။

ကွမ်ဒူးနှင့် အာယုတောင်ကျေးရွာများမှ ဒေသခံပြည်သူအချို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဇန်နဝါရီလ (၂၃) ရက်နေ့ တွင်မှ နေရပ်ပြန်နိုင်ခဲ့သည်။

စစ်ကောင်စီက လက်နက်ကြီးဖြင့် နေ့ရောညပါ ပစ်ခတ်တိုက်ခိုက်နေသဖြင့် ထုံးဘိုကြီးကျေးရွာမှ ဒေသခံပြည်သူများသည် လုပ်ငန်းခွင်ဝင်ရန်ပင် ကြောက်ရွံ့နေကြသည်။ အိမ်တိုင်းတွင် ဗုံးခိုကျင်းများ တူးထားကြရသည်။

မတရားဖမ်းဆီးမှုများလည်း ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ ဒေသခံများ၏ပြောကြားချက်အရ ဇန်နဝါရီလ (၁၀) ရက်နေ့မှစ၍ မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ဒေသခံပြည်သူအနည်းဆုံး (၈) ဦး ဖမ်းဆီးခံခဲ့ရသည်။ ရဲအရာရှိဟောင်းဖြစ်သူ ကိုဝတုတ်ကို စစ်ကောင်စီက သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ်ကွက်က ၎င်း၏နေအိမ်တွင်ပင် ဖမ်းဆီးခဲ့သည်။

ဇန်နဝါရီလ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅) နှင့် (၁၆) ရက်နေ့များတွင်လည်း ဒေသခံပြည်သူ (၇) ဦး ဆက်တိုက် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့်ပတ်သက်သည်ဟု စစ်ကောင်စီက စွပ်စွဲထားသည်။

ဖမ်းဆီးထားသူများကို ဝဲကလိအခြေစိုက် စစ်ကြောစခန်းသို့ ပို့ဆောင်ထားပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

**"သူတို့ကို ဖမ်းပြီး ဘယ်သူ့ကိုမှ ပြန်မပြောဖို့ ခြိမ်းခြောက်တယ်။ ခေါင်းကို အဝတ်နက်အုပ်ပြီး ဖမ်းသွားတာ" ဟု မိသားစုဝင်များနှင့်နီးစပ်သူတစ်ဦးက ပြောသည်။**

သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ဆက်တိုက်ပစ်ခတ်နေပြီး စစ်သားနှင့် ရဲတပ်ဖွဲ့ဝင်များကလည်း ဖမ်းဆီးမှုပြုလုပ်နေသဖြင့် ဒေသခံရွာသားများအကြား စိုးရိမ်ပူပန်မှုမြင့်တက်နေသည်။

၂၀၂၃ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ဦးမြသန်းကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ထို့နောက် တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်သည်ဟုဆိုကာ ဒေသခံပြည်သူအယောက် (၁၀၀) ခန့်ကို စစ်ကောင်စီက ဆက်လက်ဖမ်းဆီးခဲ့သည်။ ၎င်းတို့နှင့် နီးစပ်သူများ၏ ပြောကြားချက်အရ သံဖြူဇရပ်မြို့မှ ချမ်းသာသူ အများစုက စစ်တပ်ကို ငွေကြေးပေးဆောင်ပြီး ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

ဖမ်းဆီးထားသူအနက်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူးဦးအောင်ကိုကိုအပါအဝင် ဒေသခံပြည်သူ အယောက် (၂၀) ကျော်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) နှင့် ၅၂(က) တို့ဖြင့် ထောင်ဒဏ်တစ်သက် ချမှတ်ခံခဲ့ရကြောင်း သိရသည်။ အမှုဖွင့်ပြီးနောက် အကျဉ်းထောင်သို့ ပို့ဆောင်မည်ဟု သိရသည်။

ဖမ်းဆီးထားသူအနက်မှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်ဖြစ်သူ ဦးမြသန်းနှင့် ကိုမင်းမင်းတို့ကို စစ်ကောင်စီက စစ်ကြောရေးတွင် နှိပ်စက်သတ်ဖြတ်ခဲ့သည်။ မွန်ပြည်နယ်တွင် စစ်ကောင်စီကဖမ်းဆီးထား

သူ အနည်းဆုံးအယောက် (၈၀၀) ခန့်ရှိပြီး အများစုကို ထောင်ဒဏ်ချမှတ်ထားသည်။

ဇန်နဝါရီလ (၁၆) ရက်နေ့ ညနေ (၆) နာရီခွဲတွင် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) ခြေမြန်တပ်ရင်းက ပစ်ခတ်လိုက်သည့် ၈၈-မမ လက်နက်ကြီးကျည် (၅) လုံးသည် သိပ်ဇရပ်မြို့ ကျောက်ပုံကြီးကွင်းနှင့် သုံးခွကျေးရွာများ တွင် ကျရောက်ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် အသက် (၁၇) နှစ်အရွယ် မောင်ဇော်ဇော်အောင်နှင့် အသက် (၁၉) နှစ်အရွယ် မောင်လှမျိုးထွေးတို့ ပေါင်နှင့် ကျောပြင်တို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**"ဘာတိုက်ပွဲမှ မရှိဘဲ ရွာထဲကို လက်နက်ကြီးပစ်တာ။ ရွာအရှေ့ဘက်ခြမ်းက ဦးလေးတို့အိမ်နားကို ကျတာ။ ကောင်လေး (၂) ယောက် ထိသွားတယ်။ အိမ်မှာနေရင်း လက်နက်ကြီးစမှန်တာ" ဟု သုံးခွရွာသားတစ်ဦးက ပြောသည်။**

ထိခိုက်ဒဏ်ရာရသူ လူငယ် (၂) ဦးကို သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားသည်။ အာဏာသိမ်း ကာလတစ်လျှောက် သိမ်ဇရပ်တွင် စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုရန်အပြင် မြေမြှုပ်မိုင်းအန္တရာယ်ကိုလည်း ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူများက ပြောသည်။

စစ်ကောင်စီသည် အမျိုးသမီးများကိုလည်း အကြိမ်ကြိမ် ပစ်မှတ်ထားခဲ့သည်။ ဘီးလင်းမြို့နယ် လက်နက်ကြီးပေါက်ကွဲမှုတွင် အမျိုးသမီး (၃) ဦး သေဆုံးပြီး (၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇန်နဝါရီလ (၉) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တက်တူးကုန်းကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ အမျိုးသမီး (၇) ဦးနှင့် အမျိုးသား (၃) ဦး စုစုပေါင်း (၁၀) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

တက်တူးကုန်းကျေးရွာသည် ဘီးလင်းမြို့နယ်တွင် တည်ရှိပြီး သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) လက်အောက်ခံနယ်မြေတွင် ရှိသည်။

ဇန်နဝါရီ (၁၈) ရက်နေ့တွင် စစ်ကောင်စီ၏ လက်နက်ကြီး တိုက်ခိုက်မှုကြောင့် သထုံမြို့နယ် ကော့လှိုင်းနှင့် ကုလားကုန်းကျေးရွာကြားတွင် စောသန်းမြင့်နှင့် နော်ကူးကူးတို့ လင်မယား (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ စစ်ကောင်စီက နေ့ရောညပါ လက်နက်ကြီးဖြင့် ဆက်တိုက်ပစ်ခတ်နေသဖြင့် ဘီးလင်းနှင့် သထုံမြို့နယ်ရှိ ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေမှ ဒေသခံပြည်သူများ သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

ဇန်နဝါရီလ (၁၈) ရက်နေ့ ညသန်းခေါင်တွင်လည်း မွန်ပြည်သစ်ပါတီလက်အောက်ခံ ရေးမြို့နယ် ကမ်းနီကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ကျောင်းရွာအခြေစိုက် အမှတ် (၅၉) ခြေမြန်တပ်ရင်းက ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး လက်နက်ကြီးကျည်သည် ကမ်းနီကျေးရွာရှိ ကွမ်းသီးခြံတစ်ခုတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် လူသူထိခိုက်မှုမရှိသော်လည်း ရာနှင့်ချီသော ကွမ်းသီးပင်များ ပျက်စီးခဲ့သည်။

ထွက်ပြေးတိမ်းရှောင်မှုများ မရှိသော်လည်း ဒေသခံပြည်သူများမှာ ကျေးရွာအနီးတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲသဖြင့် ကြောက်ရွံ့ထိတ်လန့်နေကြသည်။

၂၀၂၃ နိုဝင်ဘာလတွင် ရေးမြို့နယ်အခြေစိုက် အမှတ် (၃၁၇) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် (၂) ရက်ဆက်တိုက် ပစ်ခတ်ခဲ့သည်။ ဝယ်ပေါင်၊ ကျုံလောင်း၊ ကိုင်းတော၊ ဘော်ဒိုးနှင့် နတ်ကျောက်တောင်ကျေးရွာများတွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည်။

မွန်ပြည်သစ်ပါတီသည် တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားပြီး မအောင်မြင်သည့်အာဏာသိမ်းမှု

နောက်ပိုင်း စစ်ကောင်စီကပြုလုပ်သည့်ဆွေးနွေးပွဲများကို အနည်းဆုံး (၆) ကြိမ် တက်ရောက်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် စစ်ကောင်စီနှင့် နိုင်ငံရေးဆွေးနွေးမှုများကို ရပ်ဆိုင်းထားသည်။

ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးမှုများကို စစ်ကောင်စီက ဆက်လက် လုပ်ဆောင်နေသည်။ ဇန်နဝါရီ (၁၆) ရက်နေ့တွင် စစ်ကောင်စီတပ်သားများက နေအိမ်တစ်ခုကို ဝင်ရောက်စီးနင်းပြီး ဆရာမတိုးမြင့်၏ခင်ပွန်းဖြစ်သူ အသက် (၆၀) အရွယ် အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့သည်။ အောင်ဇေယျ ရပ်ကွက်ဒေသခံများ၏ ပြောကြားချက်အရ ၎င်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့်ပတ်သက်သည်ဟု စစ်ကောင်စီက စွပ်စွဲပြီး ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

၎င်းကို ဝဲကလိစစ်ကြောရေးစခန်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးမှုများ ပြုလုပ်နေသည်။ ၂၀၂၃ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ဦးမြင့်သန်း ဖမ်းဆီးခံရပြီးနောက်ပိုင်း ဒေသခံပြည်သူ အနည်းဆုံး အယောက် (၁၀၀) နီးပါးကို လက်နက်ကိုင်တပ်ဖွဲ့များနှင့်ပတ်သက်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးထားသည်။ ဖမ်းဆီးထားသူများအနက် ငွေကြေးချမ်းသာသူအယောက် (၂၀) ကျော်က စစ်ကောင်စီကို ပိုက်ဆံပေးပြီး နောက်တစ်နေ့တွင် ပြန်လည်လွတ်မြောက်လာသည်ဟု ဖမ်းဆီးခံရသူများနှင့်နီးစပ်သူများက ပြောသည်။

၎င်းပြင် မွန်ပြည်နယ် ရေးမြို့နယ်မှ စားသောက်ဆိုင်ပိုင်ရှင် (၁) ဦး အပါအဝင် ဒေသခံပြည်သူ (၅) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ငွေကြေးထောက်ပံ့သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဇန်နဝါရီလ (၂၂) ရက်နေ့ ညနေ (၅) နာရီအချိန်တွင် အစင်ကျေးရွာထိပ်ရှိ ရွှေတောင်ကြားစားသောက်ဆိုင်ပိုင်ရှင် ကိုနေပိုင်နှင့် အလုပ်သမား (၂) ဦးကို စစ်ကောင်စီတပ်သားများက ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ညနေ (၇) နာရီတွင် ဇီးဖြူသောင်ကျေးရွာရှိ နေအိမ်တစ်လုံးကို ဝင်ရောက်စီးနင်းပြီး ခင်ပွန်းဖြစ်သူကို မတွေ့သဖြင့် ဇနီးဖြစ်သူကို ဖမ်းဆီးခဲ့သည်။ ၎င်းပြင် အိမ်နီးချင်းဖြစ်သူ အမျိုးသားတစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

**“ကိုနေပိုင်ကို သူတို့က ပြန်လွှတ်မပေးသေးဘူး။ ဇီးဖြူသောင်က (၂) ယောက်ကိုတော့ စစ်ဆေးပြီးတော့ ညတွင်းချင်းပဲ ပြန်လွှတ်ပေးလိုက်တယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူ (၅) ဦးကို စစ်ဆေးမေးမြန်းရန်အတွက် ဟုဆိုကာ ရဲစခန်းသို့ တစ်ပါတည်းခေါ်ဆောင်သွားပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

ကားပွဲစားနှင့် စားသောက်ဆိုင်ပိုင်ရှင်ဖြစ်သည့်အပြင် အစင်နှင့် ဇီးဖြူသောင်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသူ ကိုနေပိုင်ကို ဖမ်းဆီးရာတွင် စစ်ကောင်စီက အင်အားအလွန်အကျွံအသုံးပြုခဲ့သည့်အတွက် ဒေသခံရွာသားများအကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်နေသည်။ အစင်ကျေးရွာတွင် ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် စစ်တပ်သတင်းပေးများ မကြာခဏပစ်သတ်ခံရပြီးနောက်ပိုင်း ဒေသခံပြည်သူများကို အကြောင်းအမျိုးမျိုးပြကာ စစ်တပ်က ဖမ်းဆီးနေသည်။

“

**“ကိုနေပိုင်ကို သူတို့က ပြန်လွှတ်မပေးသေးဘူး။ ဇီးဖြူသောင်က (၂) ယောက်ကိုတော့ စစ်ဆေးပြီးတော့ ညတွင်းချင်းပဲ ပြန်လွှတ်ပေးလိုက်တယ်”**

ကရင်ပြည်နယ်

မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 14,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 16 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

စစ်ကောင်စီက ပြည်သူများကို ပိုမိုပစ်မှတ်ထားလာသည်။ ဇန်နဝါရီလ (၁၁) ရက်နေ့ နံနက် (၁၀) နာရီတွင် စစ်ကောင်စီတပ်က ကျေးရွာကို စစ်ကြောင်းထိုးနေစဉ်အတွင်း အသက် (၄၀) အရွယ် ကိုကျော်နိုင်ကို ပစ်သတ်ခဲ့သည်။ စစ်သားများ ရွာအတွင်းသို့ဝင်ရောက်လာချိန်တွင် ရွာသူရွာသားများက ထွက်ပြေးခဲ့ကြပြီး ထွက်ပြေးသူများကို စစ်တပ်က သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

**"သူ့ဒဏ်ရာက တော်တော်လေးပြင်းတော့ သေသွားတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ကိုနိုင်ကျော်သည် ရိုးသားပြီး အေးအေးဆေးဆေးနေတတ်သူတစ်ယောက် ဖြစ်သည်။ သေဆုံးချိန်တွင် ဇနီးဖြစ်သူနှင့် အသက် (၆) နှစ်အရွယ်နှင့် အသက် (၁) နှစ်အရွယ် သမီး (၂) ယောက် ကျန်ရစ်ခဲ့သည်။ သေဆုံးသူကို ဒေသခံပြည်သူများက ညနေပိုင်းတွင် သင်္ဂြိုဟ်ခဲ့ကြသည်။ ၂၀၂၃ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် စစ်ကောင်စီတပ်က အောက်ကျောက်ဝပ်ကျေးရွာကို ဝင်ရောက်လာပြီး စစ်ပြဲကျေးရွာဝတွင် အမျိုးသား (၁) ဦးကို ခေါင်းဖြတ်သတ်ဖြတ် ခဲ့သည်။

၂၀၂၃ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် စစ်ကောင်စီတပ်က လောင်းလုံးမြို့နယ်ရှိ ကျေးရွာများတွင် ကင်းလှည့်လည်ခဲ့ပြီး ကျေးရွာ (၇) ရွာမှ နေအိမ်အလုံး (၁၅၀) ခန့်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ညောပြင်နှင့် အောက်ကျောက်ဝပ်ကျေးရွာ (၂) ရွာမှ လူနေအိမ် (၁၀၀) ကျော် မီးလောင်ပျက်စီးခဲ့သည်။

စစ်ကောင်စီက ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် လပေါင်းများစွာ အဆက်အသွယ်ပြတ်ပျောက်ဆုံးသွားခြင်းသည် အထူးအဆန်းတစ်ခု မဟုတ်တော့ချေ။ ဖမ်းဆီးခံရသူအများစုမှာ ပြန်လည်လွတ်မြောက်လာခြင်း မရှိချေ။ စစ်တပ်က သတ်ဖြတ်လိုက်သည့် ရွာသားများ၏ ရုပ်အလောင်း (၄) ခုကို ကော့သောင်းမြို့နယ် နယ်စပ်ကျေးရွာတစ်ခုတွင် တွေ့ရှိခဲ့သည်။

ထိုင်းမြန်မာနယ်စပ် ကော့သောင်းမြို့နယ် အေးမြမင်္ဂလာကျေးရွာကို စစ်ကောင်စီတပ်များ ဝင်ရောက် လာပြီး ရွာသား (၄) ဦးကို ဖမ်းဆီးခဲ့သည်။ နောက်ပိုင်းတွင် ၎င်းတို့၏ ရုပ်အလောင်းကိုသာ ပြန်လည်တွေ့ခဲ့ရကြောင်း ဒေသခံများက ပြောသည်။

၂၀၂၃ ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် နန်းတောင်ကျေးရွာမှ အင်အား (၁၀၀) ခန့်ရှိသည့် စစ်ကောင်စီစစ်ကြောင်းသည် အေးမြမင်္ဂလာကျေးရွာသို့ ဝင်ရောက်လာပြီး ရွာသားများကို ဖမ်းဆီးခဲ့သည်။ နေအိမ်များကိုလည်း မွှေနှောက် ရှာဖွေသွားခဲ့သည်။ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် စစ်ကြောင်းက ကျေးရွာမှပြန်လည်ထွက်ခွာသွားခဲ့သည်။

စစ်ကြောင်းထွက်ခွာပြီး (၂) ရက်အကြာ ဒီဇင်ဘာ (၃၀) ရက်နေ့တွင် စစ်တပ်က ၎င်းတို့ကိုဖမ်းဆီးထိန်းသိမ်းထားသည့် ဘုန်းတော်ကြီးကျောင်းအနီး၌ အမျိုးသမီး (၁) ဦးနှင့် အမျိုးသား (၃) ဦးတို့၏ ရုပ်အလောင်းကို ရွာသားများက တွေ့ရှိခဲ့သည်။

**“စစ်ကြောင်းဝင်လာရင် တစ်ရွာလုံးထွက်ပြေးရတာပဲ။ အပုပ်နံ့ရလို့ အလောင်းကို တွေ့တာ။ အလောင်းတွေက ပုပ်ပွနေပြီ။ အသတ်ခံရတာ အတော်ကြာခဲ့ပြီလို့ ဆိုရမှာပေါ့” ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။**

ရုပ်အလောင်းများကို ဇန်နဝါရီလ (၂) ရက်နေ့တွင် တွေ့ရှိခဲ့သည်။ လက်များ၊ ခြေထောက်များသည် ကြိုးတုပ်ခံထားရပြီး အလောင်းများမှာ ပုပ်ပွနေပြီဖြစ်သည်။ သတ်ဖြတ်ခံရသူများမှာ အေးမြမင်္ဂလာကျေးရွာမှ အသက် (၄၀) အရွယ် ဦးစံလင်း၊ အသက် (၃၃) နှစ်အရွယ် ကိုဝေယံ၊ အသက် (၄၀) အရွယ် ဦးမော်နှင့် အသက် (၄၀) ကျော်အရွယ်ဟု ခန့်မှန်းရသူ အမည်မသိအမျိုးသမီးတစ်ဦးတို့ ဖြစ်ကြသည်။

စစ်ကောင်စီတပ်က ရွာထဲသို့ဝင်ရောက်လာသည့်ညတွင် တစ်ဖက်တည်းပစ်ခတ်နေသည့် သေနတ်သံများကို ကြားခဲ့ရသည့်အတွက် အဖမ်းခံရသည့်ညတွင်ပင် အသတ်ခံရခြင်းဖြစ်နိုင်ကြောင်း ရွာသားများက ထင်ကြေးပေး နေကြသည်။ စစ်ကြောင်းဝင်ရောက်လာစဉ် ထွက်ပြေးခဲ့သူအများစုသည် ကျေးရွာသို့ ပြန်မလာနိုင်သေးသဖြင့် သေဆုံးသူများ၏ရုပ်အလောင်းများကို သင်္ဂြိုဟ်ပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

စစ်ကြောင်းက ကျေးရွာမှ ပြန်လည်ထွက်ခွာသွားချိန်တွင် ဆိုင်ကယ်များနှင့် နေအိမ်များမှ အဖိုးတန်ပစ္စည်းများကို လုယက်ယူဆောင်သွားသည်။ စစ်ကြောင်းက ပြန်လည်ဆုတ်ခွာသွားသော်လည်း အေးမြမင်္ဂလာ၊ ဝိုင်းဒင်းရွာဦးနှင့် တပ်ဦးမြိုင်သာယာကျေးရွာများမှ ဒေသခံပြည်သူများမှာ ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်သည်။ အဆိုပါကျေးရွာများ အပြင် ရှမ်းကိုးရွာနှင့် အနီးအနားကျေးရွာများကို စစ်ကြောင်းက မကြာခဏဝင်ရောက်လာပြီး ရွာသားများကို ဖမ်းဆီးခေါ်ဆောင်သွားတတ်သဖြင့် ဒေသခံများ နေရပ်မပြန်ရဲကြသေးခြင်း ဖြစ်သည်။

ပြည်သူတို့၏အိုးအိမ်စည်းစိမ်များကို စစ်တပ်က ရည်ရွယ်ချက်ရှိရှိ ဆက်လက်ဖျက်စီးနေဆဲ ဖြစ်သည်။ လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာကို နယ်မြေရှင်းလင်းစဉ်အတွင်း နေအိမ်များ မီးလောင်ပြာကျခဲ့ရသည်။ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အောက်ကျောက်ဝပ်ကျေးရွာအုပ်စု ညောပြင်ကျေးရွာမှ နေအိမ်များကို စစ်တပ်က မီးရှို့ဖျက်ဆီး

ခဲ့သည်။ ဇန်နဝါရီလ (၈) ရက်နေ့ ညနေ (၅) နာရီတွင် စစ်တပ်က ညောပြင်ကျေးရွာကို ဝင်ရောက်လာပြီး ရွာအနောက်ဘက်ရှိနေအိမ်များကို မီးရှို့ခဲ့ကြောင်း ဒေသခံများက ပြောသည်။

**"ရွာကမ်းခြေဘက်ကို မီးရှို့ပြီးတော့ စစ်တပ်က ရွာထဲကို ဝင်လာပြီး ရွာကို မီးရှို့ဖျက်ဆီးတယ်။ နေအိမ်အလုံး (၄၀) ကျော် ရှိမယ်။ ရွာကမ်းခြေဘက်ကအိမ်တွေ အကုန်လုံးကုန်သွားတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။**

စစ်ကြောင်းထိုးဝင်ရောက်လာမည့်သတင်းကြောင့် ဒေသခံများက ကြိုတင်တိမ်းရှောင်နေကြသည်။ စစ်ကောင်စီ တပ်များက ညောပြင်နှင့် ဖိုးဖိုးကျောက်ကမ်းခြေကို ဇန်နဝါရီလ (၇) ရက်နေ့ ညနေကတည်းက ရောက်ရှိနေကြသည်။ ဇန်နဝါရီ (၆) ရက်နေ့ နံနက် (၁၀) နာရီခန့်တွင် လောင်းလုံးမြို့နယ် သကျက်တောကျေးရွာမှ နေအိမ်အနည်းဆုံးအလုံး (၃၀) ကို မီးရှို့ဖျက်ဆီးခဲ့သည်။

၎င်းပြင် ဇန်နဝါရီလ (၄) ရက်နေ့ နံနက် (၁၁) နာရီခန့်ကလည်း ဟင်းချိုတောကျေးရွာရှိ အိမ်ဆောက်ပစ္စည်းဆိုင် (၁) ဆိုင်ကိုလည်းကောင်း၊ ဟင်းချိုတောကျေးရွာမှ နေအိမ် (၈) လုံးကိုလည်းကောင်း၊ ရင်ထဲကျေးရွာမှ နေအိမ် (၅) လုံးကိုလည်းကောင်း မီးရှို့ဖျက်ဆီးခဲ့သည်။ ဇန်နဝါရီလ (၃) ရက်နေ့တွင်လည်း စစ်ကောင်စီတပ်က လောင်းလုံးမြို့နယ် သပြေရှောင်ကျေးရွာသို့ ဝင်ရောက်လာပြီး နေအိမ် (၁၄) လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၃ မတ်လတွင်လည်း စစ်တပ်နှင့် ပျူစောထီးများက ညောပြင်ကျေးရွာမှနေအိမ်အလုံး (၈၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ စစ်ကောင်စီတပ်က လောင်းလုံးမြို့နယ်တောင်ပိုင်းရှိ ကျေးရွာများကို (၁၄) ရက်ကြာ ကင်းလှည့်ပြီး စစ်ပြကျေးရွာမှနေအိမ် (၈) လုံး၊ တွန်းကန်ကျေးရွာမှနေအိမ် (၁၂) လုံး၊ သပြေရှောင်ကျေးရွာအုပ်စု ဟင်းချိုတောနှင့် ရင်ထဲကျေးရွာမှနေအိမ် (၁၃) လုံး၊ သကျက်တောကျေးရွာမှနေအိမ် (၄) လုံးနှင့် ညောပြင်ကျေးရွာမှနေအိမ် အနည်းဆုံးအလုံး (၄၀) စုစုပေါင်းနေအိမ် အနည်းဆုံး (၇၇) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

ယခုလနှောင်းပိုင်းတွင် စစ်ကောင်စီက နေအိမ်မီးရှို့ဖျက်ဆီးမှုများကို ပိုမိုလုပ်ဆောင်လာပြီး နှစ်ဖက်တိုက်ပွဲဖြစ်ပွားရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့မှ နေအိမ်အနည်းဆုံးအလုံး (၅၀) ကို မီးရှို့ဖျက်ဆီးခဲ့သည်။ စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ကော့ကရိတ်မြို့ အမှတ် (၅) ရပ်ကွက် ရတနာလမ်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

**"အဲအပိုင်းက အကုန်လုံးနီးပါး မီးလောင်သွားတယ်။ လေးငါးအိမ်လောက်ပဲ ကျန်တယ်။ မီးသတ်ကားလည်း မလာတော့ ပိုဆိုးသွားတာပေါ့"** ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။

အမှတ် (၅) ရပ်ကွက်တွင် မွတ်စလင်လူမျိုးအများစု နေထိုင်ကြပြီး မီးလောင်မှုသည် ရှို့မီး ဖြစ်ကြောင်း ဒေသခံများက ပြောသည်။ ကော့ကရိတ်မြို့တွင် စစ်ကောင်စီတပ်သာမက တော်လှန်ရေးအင်အားစုများပါ လှုပ်ရှားနေပြီး ဇန်နဝါရီလ (၂၁) နှင့် (၂၂) ရက်နေ့များတွင် တိုက်ပွဲပြင်းထန်နေသည်။ အမှတ် (၅) ရပ်ကွက်မီးလောင်မှုအတွက် မည်သည့်အဖွဲ့တွင် တာဝန်ရှိသည်ကိုမူ မသိရှိရချေ။

**“အိမ်မီးလောင်သွားတယ်လို့ ကြားတယ်။ ခုတော့ ပြန်စရာအိမ်လည်း မရှိတော့ဘူးပေါ့။ ကျွန်မတို့အိမ်အပါအဝင် အိမ် (၅၀) လောက် မီးလောင်သွားတယ် ပြောတယ်။ ပြောစရာ စကားတောင် မရှိတော့ပါဘူး” ဟု ကော့ရိတ်မြို့မှ စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။**

၂၀၂၃ ဒီဇင်ဘာလ (၁) ရက်နေ့မှစ၍ ကော့ကရိတ်မြို့တွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွား ခဲ့ခြင်း ဖြစ်ပြီး တိုက်ပွဲကြောင့် တစ်မြို့လုံးနီးပါး ထွက်ပြေးတိမ်းရှောင်နေရသည်။ ၂၀၂၄ သန်းခေါင်စာရင်းအရ ကော့ကရိတ်မြို့တွင် အိမ်ခြေ (၈,၀၀၀) ခန့်ရှိပြီး တိုက်ပွဲကြောင့် အနည်းဆုံးအိမ် (၂၀၀) ကျော် မီးလောင်ပျက်စီးသွားခဲ့သည်။ မြို့ခံ (၄၀,၀၀၀) ကျော်မှာလည်း အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်မှာ (၂) လကျော် ကြာမြင့်လာပြီဖြစ်သည်။

ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်း စစ်ကောင်စီ အမြောက်တပ်က ကလေးသူငယ်များအပါအဝင် ရွာသူရွာသားအယောက် (၈၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ ဇန်နဝါရီလ (၁၈) ရက်နေ့ နံနက် (၈) နာရီခွဲနှင့် (၉) နာရီခွဲကြားတွင် မောင်မယ် ရှောင်ကျေးရွာအရှေ့ဘက်လမ်းဝတွင် တိုက်ပွဲ (၁) နာရီခန့် ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ် နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား လက်နက်ကြီး လက်နက်ငယ် အပြန်အလှန်ပစ် ခတ်တိုက်ခိုက်ခဲ့ကြသည်။

တိုက်ပွဲကြောင့် ခရီးသွားပြည်သူများ (၁) နာရီကျော်ကြာ ပိတ်မိနေပြီး ခရီးသွားပြည်သူတစ် ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ တိုက်ပွဲပြီးနောက် စစ်ကောင်စီတပ်က ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် အမျိုးသမီးများအပါအဝင် ဒေသခံပြည်သူ (၈) ဦးကို ဖမ်းဆီးခဲ့သည်။

**“ကလေးတွေလည်း ဖမ်းတာပဲ။ ရွာအဝင်ဝတွေမှာ လူတွေကို ဖမ်းတာ။ ဖမ်းထားတဲ့သူ တွေကို စုပြီး ရှင်ဓာတ်ဝဲဘုရားရှေ့မှာ ထိုင်ခိုင်းထားတယ်”** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူများအားလုံးကို ရွာလယ်ခေါင်ရှိ ရှင်ဓာတ်ဝဲဘုရားရှေ့တွင် ဆောင့်ကြောင့်ထိုင် ခိုင်းထားသည်။ စစ်တပ်က ရွာမှထွက်ခွာခါနီး နေ့လည်အချိန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲနှင့် ဖမ်းဆီးမှုများကြောင့် ဒေသခံပြည်သူအများအပြား ထွက်ပြေးတိမ်းရှောင်နေရ သည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

## တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇန်နဝါရီလ ၂၀၂၄

HURFOM